ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

ပုံမှန်အစည်းအဝေးကျင်းပခြင်း

မာတိကာ

ဥ အကြောင်းအရာ စာမျက်နှာ

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး

ပထမနေ့အစည်းအဝေးမှတ်တမ်း

(က) ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့အစည်းအဝေးများ ကျင်းပပြီးစီးခြင်း က

(ခ) ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်း ခ

(ဂ) အစည်းအဝေးဖိတ်စာများ ပေးပို့ခြင်းနှင့် အစည်းအဝေး လမ်းညွှန်များ ထုတ်ပြန်ခြင်း ဂ

(ဃ) ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း ဂ

(င) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (ပထမနေ့) မှတ်တမ်း ၁

(စ) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း ၁

(ဆ) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး စတင် ကြောင်း ကြေညာခြင်း ၂

(ဇ) သဘာပတိတစ်ဦး ရွေးချယ်တင်မြှောက်ခြင်း ၂

(စျ) သဘာပတိရွေးချယ်တင်မြှောက်ခြင်းခံရသူအမည်စာရင်း ကြေညာခြင်း ၃

(ည) သဘာပတိနေရာယူခြင်း ၆

(ဋ) သဘာပတိ လွှတ်တော်၏ ရှေ့မှောက်တွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်း ကောင်း ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၆

(၄) သဘာပတိက ကတိသစ္စာကိုတိုင်ပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာဆိုခြင်း ၈

(၅) လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်ဝေငှထားသော ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၉

(၆) ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ကတိသစ္စာပြုလွှာကို လိုက်လံသိမ်းဆည်းခြင်း ၉

(ဈ) အစည်းအဝေးအထမြောက်ကြောင်း စတင်ကြေညာခြင်း ၉

(တ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်ကို သတ်မှတ်ချက်နှင့်အညီ တင်ခြင်း ၁၀

(ထ) သဘာပတိမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ရန် ကြေညာခြင်း ၁၂

(ဒ) သဘာပတိမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခြင်း ၁၇

(ဓ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၁၇

(န) သဘာပတိမှ ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ခြင်းနှင့် ဥက္ကဋ္ဌ နေရာယူခြင်း ၁၉

(ပ) ပြည်နယ်လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားခြင်း ၁၉

၂။ ဒုတိယနေ့ အစည်းအဝေးမှတ်တမ်း

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း ၂၁

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၂၁

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း ၂၂

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း ၂၂

(ဂ) ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ၊ ၂၅
ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ၊ သတ်မှတ်နိုင်ရေး
အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ
နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ က
အစည်းအဝေးတွင် တင်ပြခြင်း

(စ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ၂၅
ဆွေးနွေးခြင်း

(ဆ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်၏ အဆုံး ၂၆
အဖြတ်ရယူခြင်း

(ဇ) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ၂၇
နိုင်ငံတော်သမ္မတက ပေးပို့ထားသည့် ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဥက္ကဋ္ဌ မှ ပြည်နယ်
လွှတ်တော်သို့ တင်ပြခြင်း

(စျ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ၂၇
ဆွေးနွေးခြင်း

(ည) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်၏ အဆုံး ၂၈
အဖြတ်ရယူခြင်း

(ဋ) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ၂၉
(ဒုတိယနေ့) ရပ်နားခြင်း

တတိယနေ့ အစည်းအဝေးမှတ်တမ်း

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ၃၀
ကိုယ်စားလှယ်များ နေရာယူခြင်း

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၃၀

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ၃၁
ကြောင်း ကြေညာခြင်း

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၃၁
၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ
သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

(ဂ) ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ဝန်ကြီး ၃၂
ဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန်
ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း
ခံထားရသူက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ
ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများ
ထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းနှင့်
ပြည့်စုံသည့် ပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုံခြုံရေးနှင့်
နယ်စပ်ရေးရာ တာဝန်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ်ထံမှ တပ်မတော်သား အမည်စာရင်းကို
လည်းကောင်း၊ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း
(စ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေး ၃၄
ရန်ရှိပါက ဆွေးနွေးခြင်း
(ဆ) ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းရန်ရှိပါက ပြန်လည် ၃၄
ရှင်းလင်းခြင်း
(ဇ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံး ၃၅
အဖြတ်ရယူခြင်း
(စျ) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန် အစည်း ၃၈
အဝေး (တတိယနေ့) ရပ်နားခြင်း

၄။ **စတုတ္ထနေ့ အစည်းအဝေးမှတ်တမ်း**
(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ၃၉
ကိုယ်စားလှယ်များ နေရာယူခြင်း
(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၃၉
(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး ၄၀
စတင်ကြောင်း ကြေညာခြင်း
(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ် ၄၀
များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်များအား
ကိုယ်စားလှယ်များမှ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

(၈) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက တင်ပြထားသော ပြည်နယ်ဥပဒေချုပ်အမည်စာရင်းအား လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ၄၂

(၉) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း ၄၃

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘာတူညီချက်ရယူခြင်း ၄၃

(၁၁) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက တင်ပြထားသော ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်းအား လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ၄၄

(၁၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း ၄၅

(၁၃) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘာတူညီချက်ရယူခြင်း ၄၆

(၁၄) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် အဆိုပြုတင်ပြလာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များအား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၄၇

(၁၅) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားခြင်း ၅၀

၅။ ပဋ္ဌမနေ့ အစည်းအဝေးမှတ်တမ်း

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း ၁၁

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၁၁

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကြောင်း ကြေညာခြင်း ၁၂

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း ၁၂

(င) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူတို့နှင့် ညှိနှိုင်းပြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ၁၄

(စ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း ၁၅

(ဆ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘာ တူညီချက်ရယူခြင်း ၁၆

(ဇ) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းများအား လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ၁၇

(စျ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း ၁၈

(ည) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘာ တူညီချက်ရယူခြင်း ၁၉

(ဋ) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားခြင်း ၆၀

၆။ **ဆဋ္ဌမနေ့ အစည်းအဝေးမှတ်တမ်း**

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ၆၁
ကိုယ်စားလှယ်များ နေရာယူခြင်း

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၆၁

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ၆၂
ကြောင်း ကြေညာခြင်း

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၆၂
၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ
သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

(င) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်ဥပဒေ ၆၄
ပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊
အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌ နှင့်
အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့
တင်ပြခြင်း

(စ) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ၆၈
(စတုတ္ထနေ့) ရပ်နားခြင်း

၇။ **သတ္တမနေ့ အစည်းအဝေးမှတ်တမ်း**

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ၆၉
ကိုယ်စားလှယ်များ နေရာယူခြင်း

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၆၉

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ၇၀
ကြောင်း ကြေညာခြင်း

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၇၀
၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ
သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

(၈) ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ မှ ရှင်းလင်းခြင်း ၂၁

(၉) ဥပဒေပြုရေးဆိုင်ရာကော်မတီ ၂၂

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ မှ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း ၂၄

(၁၁) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ မှ ရှင်းလင်းခြင်း ၂၆

(၁၂) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ၂၆

(၁၃) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ မှ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း ၂၉

(၁၄) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (သတ္တမနေ့) ရပ်နားခြင်း ၈၀

၈။ **အဋ္ဌမနေ့ အစည်းအဝေးမှတ်တမ်း**

(က) ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း ၈၁

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၈၁

(ဂ) အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကြောင်း ကြေညာခြင်း ၈၂

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း ၈၂

(င) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ တွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ၈၃

(စ) ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း ၈၄

(ဆ) ပြည်နယ်ဝန်ကြီးချုပ် ကတိသစ္စာပြုခြင်း ၈၆

(ဇ) ပြည်နယ်အဆင့်အဖွဲ့ဝင်များ ကတိသစ္စာပြုခြင်း ၈၇

(စျ) ပြည်နယ်ဝန်ကြီးချုပ် က မိန့်ခွန်းမြွက်ကြားခြင်း ၈၈

(ည) ပထမအကြိမ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) ရပ်နားခြင်း ၁၀၃

၉။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး - ဆုံးဖြတ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း၊ ဖွဲ့စည်းခြင်း မှတ်တမ်းတင်ခြင်း ၁၀၄

ကန်.သတ်

ရှမ်းပြည်နယ်အစားချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ အစည်းအဝေးများ ကျင်းပပြီးစီးမှု

နိဒါန်း

၁။ နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်(၇)ရပ်အား ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ လုပ်ငန်းစဉ် ဆဋ္ဌမအဆင့်တွင် ပါရှိသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့် အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများကျင်းပခြင်းလုပ်ငန်းစဉ်ပါအတိုင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ မှ စတင်၍ ပထမအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေးများအား အသီးသီးစတင်ကျင်းပခဲ့ပါသည်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးအားလည်း တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော် ခန်းမတွင် ပြည်နယ်လွှတ်တော် ရွေးချယ်ခံကိုယ်စားလှယ် (၁၀၇)ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၃၆)ဦး၊ စုစုပေါင်း (၁၄၃)ဦး ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများတွင် ဦးစီးအဖွဲ့အစည်းအဝေးများအား ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့ တွင် သက်ဆိုင်ရာကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း/ဒေသများအလိုက် ရုံးစိုက်ရာဒေသ အစည်းအဝေးခန်းမများတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ကန်.သတ်

ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ ပါသတ်မှတ်ချက်အတိုင်း ပြည်နယ်လွှတ်တော်အား အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

(က) ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀၀)ဦး။

(ခ) ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်လူဦးရေစုစုပေါင်း၏ သုည၀သမတစ်ရာခိုင်နှုန်း နှင့် အထက်ရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်သော တိုင်းရင်းသားလူမျိုး (၇)မျိုးမှလူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်သည့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် (၇)ဦး။

(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၆) ဦး။

အစည်းအဝေးပိတ်စာများပေးပို့ခြင်းနှင့် အစည်းအဝေးလမ်းညွှန်များ ထုတ်ပြန်ခြင်း

၃။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား အစည်းအဝေးဖိတ်ကြား၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ ဇန်နဝါရီလ (၂၇) ရက်နေ့အရောက် ခေါ်ယူခဲ့ပါသည်။ အစည်းအဝေးဖိတ်စာများနှင့် အတူ အစည်းအဝေးတွင် လိုက်နာသိရှိ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးလမ်းညွှန်များအား တစ်ပါတည်း ထုတ်ပြန်ခဲ့ပါသည်။

ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့.ဖွဲ့.စည်းခြင်း

၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့.ဖြိုးရေးကောင်စီ၏ ဖွဲ့.စည်းမှု သတ်မှတ်ချက်အတိုင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့.အား အောက်ပါအတိုင်း ဖွဲ့.စည်း၍ ဆောင်ရွက်ခဲ့ပါသည်-

(က) ဦးပွင့် ဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့.ခွဲ

(ခ) ဦးအောင်ဇော်လတ် အဖွဲ့.ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်လွှတ်တော်ရုံး

(ဂ) ဗိုလ်ကြီးချမ်းမြေ့အောင် အဖွဲ့.ဝင်
တပ်စုမှူး၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့.
အရှေ့.ပိုင်းတိုင်းစစ်ဌာနချုပ်

(ဃ) ရဲမှူးရဲလှမောင် အဖွဲ့.ဝင်
တာဝန်ခံအရာရှိ၊ ရှမ်းပြည်နယ်သတင်းတပ်ဖွဲ့.
(မြန်မာနိုင်ငံရဲတပ်ဖွဲ့.)

ကန်.သတ်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပုံမှန်အစည်းအဝေး(ပထမနေ့) မှတ်တမ်း

(၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

[တနင်္လာနေ့]

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက် (၀၈၅၅)နာရီအချိန်၌ စတင်ကျင်းပခဲ့ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း(ပြည်နယ်အုပ်ချုပ်ရေးမှူး) က ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ နေရာယူခြင်း

အခမ်းအနားမှူး။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာ ဖြစ်ပါ၍ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန်.သတ်

ကန်.သတ်

၂

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး စတင်ကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အခမ်းအနားအစီအစဉ်အရ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်(တနလာ်နေ့)(ဝဓာဂီ)နာရီအချိန် ရှမ်းပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

သဘာပတိတစ်ဦး ရွေးချယ်တင်မြောက်ခြင်း

အခမ်းအနားမှူး။ အခမ်းအနားအစီအစဉ်(၃)အရ ပြည်နယ်လွှတ်တော်အတွက် သတ်မှတ်ချက် နည်းဥပဒေများနှင့် အညီ သဘာပတိတစ်ဦး တင်မြှောက်ခြင်း အစီအစဉ် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်နည်းဥပဒေ ၇(ခ)အရ သဘာပတိအမည်စာရင်း တင်သွင်းလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အမည်စာရင်း တင်သွင်း၍ ရွေးကောက်တင်မြှောက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သဘာပတိလောင်း တင်သွင်းလွှာပုံစံ(၁)အား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ မိမိထံတွင် လာရောက် ထုတ်ယူပေးပါရန် ပန်ကြားအပ်ပါတယ်။

(သဘာပတိလောင်း အမည်တင်သွင်းလိုသည့် ပုဂ္ဂိုလ်ကိုယ်စားလှယ် များရှိပါသေးလား ခင်ဗျား။ (၃)ကြိမ် မေးမြန်းရန်)

ကန်.သတ်

ကန်.သတ်

၇

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သဘာပတိလောင်း တင်သွင်းလွှာပုံစံများပါ သတ်မှတ်ထားသော အချက်အလက်များအား ပြည့်စုံစွာရေးသွင်း၍ လက်မှတ်ရေးထိုးပြီးပါက လာရောက် ပေးအပ်ပေးပါရန် ပန်ကြားအပ်ပါတယ်။

(တင်သွင်းလိုသူများရှိပါက လာရောက်ပေးသွင်းရန်။ (၃)ကြိမ်မေးမြန်းပါသည်။)

သဘာပတိ ရွေးချယ်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်များမှ ရွှမ်းပြည်နယ် လွှတ်တော် အတွက် သဘာပတိလောင်းအမည်စာရင်းတင်သွင်း လာခဲ့ရာ သဘာပတိ လောင်းများအဖြစ် ဦးစိုင်းထွန်းရင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်ခိုင်ဖြိုးပါတီနှင့် ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးစုပါတီ၊ စုစုပေါင်း(၂)ဦး တင်သွင်းလာကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ သဘာပတိလောင်းအမည်စာရင်းတင်သွင်း ခဲ့ရာတွင် အမည်စာရင်းမှာ တစ်ဦးထက်ပိုနေပါသဖြင့် ပြည်နယ်လွှတ်တော် နည်းဥပဒေ(၈)အရ သဘာပတိတစ်ဦးတင်မြှောက်ရန် အတွက် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲ ပေးသွားရမှာ ဖြစ်ပါသောကြောင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်အား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကန်.သတ်

(ကြီးကြပ်သူအရာရှိမှ ၄င်းလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄)အား လွှတ်တော်ကိုယ်စားလှယ်များနှင့် အခမ်းအနားမှူး ရေ.တွင်ရေတွက်ပြီး ပုံစံ(၅)တွင် မှတ်တမ်းတင်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက် ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိသွားမည် ဖြစ်ပါသည်။)

[ပုံစံ(၅)တွင် အခမ်းအနားမှူးမှ လက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။]

ဆက်လက်ပြီး လှို့ဝှက်ဆန္ဒမဲပေးမှုအစီအစဉ်အရ သဘာပတိတင်မြှောက်ခြင်း ဆန္ဒမဲလက်မှတ်ပုံစံ(၄)များအား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် ဝန်ထမ်းများထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး လှို့ဝှက်ဆန္ဒပြခန်းများတွင် ဆန္ဒပြု၍ မဲပေးခြင်း ဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

(ခရိုင်/မြို့နယ်အကွာရာစဉ်အလိုက် ခေါ်ယူသွားရပါမည်။)

လှို့ဝှက်မဲပေးရန် ကိုယ်စားလှယ်များ ကျန်ရှိပါသေးလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ဆက်လက်ပြီး မဲပုံးဖွင့်လှစ်ခြင်းအား ဆောင်ရွက်သွားပါမယ်။

(၄င်းနောက် အခမ်းအနားမှူးမှ ကိုယ်စားလှယ်များရှေ့မှောက်တွင် တာဝန်ရှိ ဝန်ထမ်းများဖြင့် မဲပုံးအား ဖွင့်လှစ်စေရပါမည်။ မဖွင့်လှစ်မီ မဲပုံးပြင်ပတွင်ရှိသော ဆန္ဒမဲလက်မှတ်များအား တွေ့.ရှိပါက ကြီးကြပ်သူအရာရှိအား ရေတွက်၍ မှတ်တမ်းတင်စေပြီး ပယ်မဲအဖြစ် သတ်မှတ်စေရပါမည်။ ဆက်လက်ပြီး မဲပုံးဖွင့်၍ မဲရေတွက်ရာတွင် မဲပုံးထဲရှိ မဲအရေအတွက်နှင့် ပုံစံ(၆)ဖြင့် လက်မှတ်ရေးထိုး ထုတ်ယူသွားသော အရေအတွက်ကိုက်ညီမှုရှိ/မရှိ ကြီးကြပ်သူအရာရှိမှ စစ်ဆေးရပါမည်။)

၅

" မဲပုံးထဲမှ ထုတ်ယူရရှိသော အရေအတွက်မှာ (၁၄၂)ဖြစ်ပြီး၊ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးထုတ်ယူသော အရေအတွက်မှာ (၁၄၂)ဖြစ်၍ မဲများတူညီနေပါသဖြင့် နည်းဥပဒေ(၈)(၆)(၃)အရ အစည်းအဝေးအထမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ "

သို့ဖြစ်ပါ၍ ဆန္ဒမဲများအား ဆက်လက်ရေတွက်သွားမှာ ဖြစ်ပါတယ်။

(ရေတွက်ချိန်တွင် ပုံစံ(၈-က)ပါ ပယ်မဲအဖြစ်သတ်မှတ်ထားသော မဲများအား ကြီးကြပ်သူအရာရှိမှ တွေ့ရှိ၍ တင်ပြလာပါက ပယ်မဲအဖြစ် သတ်မှတ်ကြောင်း အခမ်းအနားမှူးမှ ကြေညာရပါမည်။ ပုံစံ(၈-က)နှင့် (၈-ခ)ပါ မဲစာရင်းများအား ကြီးကြပ်သူအရာရှိမှ တင်ပြလာပါက လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရပါမည်။)

(ထောက်ခံမဲ အနည်း/အများစာရင်းအား ပုံစံ(၉)တွင် ဖြည့်၍ ကြီးကြပ်သူမှ တင်ပြလာပါက အခမ်းအနားမှူးမှ လက်မှတ်ရေးထိုး မှတ်တမ်းတင် ထားရပါမည်။ ၄င်းနောက် ပုံစံ(၉)အား ကြည့်၍ အောက်ပါအတိုင်း ကြေညာရပါမည်။)

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်အတွက် သဘာပတိရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ သဘာပတိလောင်းများ၏ ထောက်ခံဆန္ဒမဲအနည်း/အများစာရင်းအရ အောက်ပါအတိုင်း ရရှိကြောင်း ကြေညာအပ်ပါတယ် -

(၁) ဦးစိုင်းထွန်းရင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ခိုင်ဖြိုးပါတီမှ ထောက်ခံမဲ(၁၀၇)မဲ ရှိပြီး၊

(၂) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးစုပါတီမှ ထောက်ခံမဲ(၃၅)မဲ ရရှိခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်အတွက် သဘာပတိတင်မြောက်ခြင်းအား လှို့ဝှက်ဆန္ဒမဲပေးခဲ့မှုအရ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းရင် မှ ထောက်ခံမဲ အများဆုံးရရှိခဲ့သဖြင့် တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ဦးစိုင်းထွန်းရင်အား ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၂)အရ ရှမ်းပြည်နယ်လွှတ်တော်သဘာပတိအဖြစ် တင်မြောက်ခံရကြောင်း ကြေညာအပ်ပါတယ်။ [ဩဘာသံများ]

သဘာပတိ နေရာယူခြင်း

အခမ်းအနားမှူး။ အခမ်းအနားအစီအစဉ်(၅)အရ ရှမ်းပြည်နယ်လွှတ်တော်အတွက် သဘာပတိရွေးကောက် တင်မြောက်ပြီး ဖြစ်ပါသဖြင့် ရွေးကောက်တင်မြောက်သူ ဦးစိုင်းထွန်းရင်၊ တောင်ကြီးမြို့နယ်အမှတ်(၁)အား သဘာပတိနေရာယူပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

သဘာပတိ လွှတ်တော်၏ ရှေ့မှောက်တွင်
လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊
သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်းနှင့်
ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

အခမ်းအနားမှူး။ အခမ်းအနားအစီအစဉ်(၆)အရ သဘာပတိမှ လွှတ်တော်၏ ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ် ဖြစ်ပါသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၁၅)(က)အရ သဘာပတိမှ ကတိသစ္စာပြုပေးပါရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါရန် ပန်ကြားအပ်ပါတယ်။

ကန်.သတ်

၇

ပထမဦးစွာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုပေးရန် ဖြစ်ပါတယ်။

သဘာပတိ။ ကျွန်ုပ် ဦးစိုင်းထွန်းရင် သည် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့.စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အခမ်းအနားမှူး။ ဆက်လက်ပြီး သဘာပတိအဖြစ် ကတိသစ္စာပြုပေးရန် ဖြစ်ပါတယ်။

သဘာပတိ။ ကျွန်ုပ် ဦးစိုင်းထွန်းရင် သည် ရှမ်းပြည်နယ် လွှတ်တော် **သဘာပတိ** အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့.စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

(သဘာပတိက ကတိသစ္စာလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

ကန်.သတ်

သဘာပတိက ကတိသစ္စာကိုတိုင်ပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာဆိုခြင်း

အခမ်းအနားမှူး။ ဆက်လက်ပြီး အခမ်းအနားအစီအစဉ် (၇)အရ သဘာပတိမှ ကတိသစ္စာတိုင်ပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ကတိသစ္စာဆိုခြင်းဖြစ်ပါသဖြင့် သဘာပတိမှ ကတိသစ္စာအား တိုင်ပေးပါရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ မတ်တပ်ရပ်၍ ကတိသစ္စာဆိုပေးပါရန် ပန်ကြားအပ်ပါတယ်။

သဘာပတိ။ ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄၁)ဦးက သဘာပတိမှ ကတိသစ္စာတိုင်တည်မှုကို လိုက်ဆိုပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင်ဝေဒနာထားသော ကတိသစ္စာပြုလွှာများအပေါ် တွင် လက်မှတ်ရေးထိုးခြင်း

အခမ်းအနားမှူး။ အစီအစဉ်(၈)အရ လွှတ်တော်ကိုယ်စားလှယ်များမှ ကြိုတင်ဝေဒနာထားသော ကတိသစ္စာပြုလွှာများပေါ် တွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်။

(လွှတ်တော်ကိုယ်စားလှယ်များမှ ကတိသစ္စာပြုလွှာပေါ် တွင် လက်မှတ်ရေးထိုးကြပါသည်။)

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ကတိသစ္စာပြုလွှာကို လိုက်လံသိမ်းဆည်းခြင်း

အခမ်းအနားမှူး။ အစီအစဉ်(၉)အရ လွှတ်တော် ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးထားသော ကတိသစ္စာပြုလွှာများအား လိုက်လံသိမ်းဆည်းသွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးအထမြောက်ကြောင်း စတင်ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်(၁၀)အရ ပြည်နယ် လွှတ်တော်တွင် သဘာပတိ တင်မြှောက်ပြီးဖြစ်ပါသဖြင့် သဘာပတိမှ အစည်းအဝေးထမြောက်ခြင်း ရှိ/မရှိ စိစစ်ပြီး၊ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ်။

သဘာပတိ။ ၂၀၁၁ ခုနှစ်၊ဇန်နဝါရီလ(၃၁)ရက်(တနလ်ာနေ့) ပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၄၃)ဦးအနက် (၁၄၂)ဦး တက်ရောက်ရာ အစည်းအဝေး တက်ရောက်သူ (၉၉.၃%)ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး အား စတင်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များ ရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်ကို သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ အစည်းအဝေး မတက်ရောက်နိုင်သော ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း အစီအစဉ်ဖြစ်သည့်အတွက် အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းစံဖေ၊ မိုင်းရယ်မဲဆန္ဒနယ်(၁)။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ ဖြစ်ပါတယ် ခင်ဗျား။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းလောင်(ဝ)ခမ်း (ခ)ဦးအိုက်ဖူး သည် မိသားစုကျန်းမာရေးအခြေအနေကြောင့် ဒီကနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့်အတွက်

၁၁

(၃၁-၁-၂၀၁၁)ရက်မှ (၆-၂-၂၀၁၁)ရက်နေ့အထိ အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် ကာယကံရှင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်စား တင်ပြအပ်ပါတယ် ခင်ဗျား။

သဘာပတိ။ မိုင်းရယ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းလောင်(၀)ခမ်း (ခ)ဦးအိုက်ဖူး သည် မိသားစုကျန်းမာရေးအခြေအနေ ကြောင့် ဒီကနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်းအား(၃၁-၁-၂၀၁၁)ရက်မှ (၆-၂-၂၀၁၁)ရက်နေ့အထိ အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုပါရန် မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစံဖေ အား ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄၄)၊ (က)အရ သတ်မှတ်ချက်နှင့်အညီ တင်ပြလာခဲ့ပါတယ်။

လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းအား ကင်းလွှတ်ခွင့်ပြုရန် ခွင့်ပန်ကြားခြင်းအား နည်းဥပဒေ(၄၄)၊ (ခ)အရ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းလောင်(၀)ခမ်း (ခ)ဦးအိုက်ဖူး ၏ ခွင့်ပန်ကြားခြင်းအား

[သဘောတူ ပါသလား ခင်ဗျား။ (၃)ကြိမ် မေးမြန်းပါသည်။]

လွှတ်တော်မှ ခွင့်ပန်ကြားခြင်းအား သဘောတူပါသဖြင့် ခွင့်ပြုကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

ကန်.သတ်

၁၂

သဘာပတိ မှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက်ရန် ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်(၁၂)အရ သဘာပတိ မှ ပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌ (၁)ဦးနှင့် ဒုတိယဥက္ကဋ္ဌ (၁)ဦးအား ရွေးကောက်တင်မြှောက်ပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

သဘာပတိ။ အစီအစဉ်အရ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၇)၊ နည်းဥပဒေ(၁၆)အရ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း အစီအစဉ်ကို ဦးစွာဆောင်ရွက်မည်ဖြစ်ပါသဖြင့် အမည်စာရင်းတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အနေဖြင့် ဥက္ကဋ္ဌ လောင်းအမည်စာရင်းတင်သွင်းလွှာပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူကြပါရန်နှင့် ပုံစံများတွင် ဖြည့်စွက်ရေးသွင်းပြီး၊ အခမ်းအနားမှူးထံ ပြန်လည်အပ်နှံကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

(ဥက္ကဋ္ဌအမည်စာရင်းတင်သွင်းလိုသည့် ကိုယ်စားလှယ်မျှား ရှိပါသေးလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလာခဲ့ရာ ဥက္ကဋ္ဌလောင်းများအဖြစ် စုစုပေါင်း (၂)ဦး တင်သွင်းလာပါသည်။ တင်သွင်းလာသော ဥက္ကဋ္ဌလောင်းအမည်စာရင်းများမှာ -

(၁) ဦးစိုင်းလုံးဆိုင် ကျိုင်းတုံမဲဆန္ဒနယ်(၁)

(၂) ဒေါ်နန်းငွေငွေ မူဆယ်မဲဆန္ဒနယ်(၁)တို့ဖြစ်ပါတယ်

ကန်.သတ်

ကန်.သတ်

၁၃

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းခဲ့ရာတွင် အမည်စာရင်းမှာ (၁)ဦးထက်ပိုနေပါသဖြင့် ပြည်နယ်လွှတ်တော် နည်းဥပဒေ(၁၈)အရ ဥက္ကဋ္ဌ(၁)ဦး တင်မြှောက်ရန်အတွက် ဆန္ဒမဲလက်မှတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသွားရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ပေးမှု စနစ်မှာ သဘာပတိရွေးကောက်တင်မြှောက်ခြင်း၊ လျှို့ဝှက်မဲပေးမှုအစီအစဉ် အတိုင်း ဖြစ်ပါတယ်။

ပထမဦးစွာ မဲပုံးအတွင်း မည်သည့်အရာမျှ မရှိကြောင်း ဝန်ထမ်း (၁)ဦးမှ ပြသသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကြီးကြပ်သူအရာရှိမှ ထုတ်ယူလာသော မဲစာရင်းအား ရေတွက်အတည်ပြုသွားပါမယ်။

ဆက်လက်ပြီး လျှို့ဝှက်မဲပေးမှုအစီအစဉ်အရ ဥက္ကဋ္ဌတင်မြှောက်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၄)အား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် အခမ်းအနားမျူးထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး၊ လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍ မဲပေးခြင်း ဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

[ခရိုင်/မြို့နယ် အက္ခရာစဉ်အလိုက် ခေါ်ယူသွားပါမည်။]

(လျှို့ဝှက်မဲပေးရန် ကိုယ်စားလှယ်များ ကျန်ရှိပါသေးလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ဆက်လက်ပြီး မဲပုံးဖွင့်လှစ်ခြင်းအား ဆောင်ရွက်သွားပါမယ်။ မဲပုံးထဲမှာ ထုတ်ယူရရှိသော မဲအရေအတွက်မှာ(၁၄၂)ရှိပြီး၊ ကိုယ်စားလှယ်များ ထုတ်ယူသွားသော အရေအတွက်မှာ (၁၄၂)ရှိပါသဖြင့် မဲများ တူညီနေပါ၍ နည်းဥပဒေ(၁၈)၊ (၈)၊ (၃)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌလောင်း(၁)ဦးစီရရှိသော ဆန္ဒမဲများအား ဆက်လက်ရေတွက်သွားမှာ ဖြစ်ပါတယ်။

ကန်.သတ်

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌလောင်းများ၏ ထောက်ခံမဲ အနည်း/အများ စာရင်းအရ အောက်ပါအတိုင်း ရရှိကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား -

(၁) ဦးစိုင်းလုံးဆိုင်၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ထောက်ခံမဲ (၁၀၅)မဲရရှိပြီး၊

(၂) ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ထောက်ခံမဲ (၃၇)မဲရရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌတင်မြှောက်ခြင်းအား လျှို့ဝှက်မဲပေးမှုအရ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင် သည် ထောက်ခံမဲအများဆုံးရရှိခဲ့သဖြင့် ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလုံးဆိုင် အား ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၂၂)အရ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် တင်မြှောက်လိုက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ **[ဩဘာသံများ]**

ထပ်မံ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌ (၁)ဦးရွေးကောက်တင်မြှောက်ရမည်ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၂၇)အရ ဒုတိယဥက္ကဋ္ဌ(၁)ဦးရွေးကောက်တင်မြှောက်ခြင်းကို ဆောင်ရွက်ရန် အမည်စာရင်းတင်သွင်းလိုသည့် ကိုယ်စားလှယ်များမှ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလွှာပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူကြပါရန်နှင့် ပုံစံများဖြည့်စွက်ရေးသွင်းပြီး၊ အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်နိုင်ပါရန် ပန်ကြားအပ်ပါတယ်။

(ဒုတိယဥက္ကဋ္ဌအမည်စာရင်းတင်သွင်းလိုသည့် ကိုယ်စားလှယ်များ ရှိပါသေးလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလာခဲ့ရာ ဒုတိယဥက္ကဋ္ဌလောင်းများအဖြစ် စုစုပေါင်း(၂)ဦး တင်သွင်းလာပါသည်။ တင်သွင်းလာသော ဒုတိယဥက္ကဋ္ဌ လောင်းအမည် စာရင်းများမှာ -

(၁) ဦးစိုင်းခမ်းမှတ်၊ လားရှိုးမဲဆန္ဒနယ်(၂)

(၂) ဒေါ်နန်းငွေငွေ မူဆယ်မဲဆန္ဒနယ်(၁)တို့ဖြစ်ပါတယ်

သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းခဲ့ရာတွင် အမည်စာရင်းမှာ (၁)ဦးထက်ပိုနေပါသဖြင့် ပြည်နယ်လွှတ်တော်နည်းဥပဒေ(၁၈)အရ ဒုတိယဥက္ကဋ္ဌ(၁)ဦး တင်မြှောက်ရန်အတွက် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသွားရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ပေးမှုစနစ်မှာ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်း၊ ပုံစံနည်းဥပဒေ(၁၈) (၁၉) (၂၀) (၂၁) (၂၂) အတိုင်းဖြစ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး လျှို့ဝှက်မဲပေးမှုအစီအစဉ်အရ ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၄)အား လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် အခမ်းအနားမှူးထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး၊ လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍ မဲပေးခြင်း ဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

[ခရိုင်/မြို့နယ် အကွာရာစဉ်အလိုက် ခေါ်ယူသွားပါမည်။]

(လျှို့ဝှက်မဲပေးရန် ကိုယ်စားလှယ်များ ကျန်ရှိပါသေးလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ဆက်လက်ပြီး မဲပုံးဖွင့်လှစ်ခြင်းအား ဆောင်ရွက်သွားပါမယ်။ မဲပုံးထဲမှာ ထုတ်ယူရရှိသော မဲအရေအတွက်မှာ(၁၄၂)ရှိပြီး၊ ကိုယ်စားလှယ်များ ထုတ်ယူသွားသော အရေအတွက်မှာ (၁၄၂)ရှိပါသဖြင့် မဲများ တူညီနေပါသဖြင့် ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌလောင်း(၁)ဦးစီရရှိသော ဆန္ဒမဲများအား ဆက်လက်ရေတွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ ဒုတိယဥက္ကဋ္ဌလောင်းများ၏ ထောက်ခံမဲအနည်း/အများ စာရင်းအရ အောက်ပါအတိုင်း ရရှိကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား -

(၁) ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ထောက်ခံမဲ (၁၀၅)မဲရရှိပြီး၊

(၂) ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ထောက်ခံမဲ (၃၇)မဲရရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌတင်မြှောက်ခြင်းအား လျှို့ဝှက်မဲပေးမှုအရ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ် သည် ထောက်ခံမဲအများဆုံးရရှိခဲ့သဖြင့် လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းခမ်းမှတ် အား ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၇)၊ (က)အရ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ် တင်မြှောက်လိုက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ [သြဘာသံများ]

သဘာပတိ မှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက်ခံရကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်(၁၃)အရ သဘာပတိ မှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

သဘာပတိ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တာဝန် ရာထူးများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သတ်မှတ် ထားသော ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမည်စာရင်းတင်သွင်း၍ ရွေးကောက်တင်မြှောက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင် အား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ် အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တင်မြှောက် လိုက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ [သြဘာသံများ]

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့က သဘာပတိရွှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့က သဘာပတိ ရွှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ကျွန်ုပ် ဦးစိုင်းလုံးဆိုင် သည် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့.စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှုန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အခမ်းအနားမှူး။ ဆက်လက်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မှ ကတိသစ္စာပြုပေးရန် ဖြစ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ကျွန်ုပ် ဦးစိုင်းခမ်းမှတ် သည် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့.စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှုန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

ကန်.သတ်

၁၉

သဘာပတိ မှ ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ခြင်းနှင့် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ဆက်လက်ပြီး သဘာပတိက ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ခြင်း အစီအစဉ်ဖြစ်ပါ၍ သဘာပတိက ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ပေးပါရန်နှင့် ဥက္ကဋ္ဌ လက်ခံရယူပေးပါရန် ပန်ကြားအပ်ပါတယ်။

(သဘာပတိနှင့် ဥက္ကဋ္ဌတို့ တာဝန်လွှဲပြောင်း/လက်ခံ ဆောင်ရွက်ခဲ့ပါသည်။)

ဆက်လက်ပြီး ရွေးချယ်ခံရသူ ဥက္ကဋ္ဌ မှ နေရာယူပေးပါရန်နှင့် သဘာပတိ နှင့် ဒုတိယဥက္ကဋ္ဌ တို့မှ နေရာပြန်လည်ကြွရောက်ပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ လွှတ်တော်အစည်းအဝေးရပ်နားခြင်း အစီအစဉ်ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက် (တနလ်ာနေ့)ရှမ်းပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်း အဝေး(ပထမနေ့) ခေတ္တရပ်နားကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ကန်.သတ်

အခမ်းအနားမှူး။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့အား အသီးသီးရွေးကောက်တင်မြှောက်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြည်ထောင်စုလွှတ်တော်ခေါ်ယူပြီး၊ နိုင်ငံတော်သမ္မတဖြစ်ပေါ်လာပါက ဆက်လက်ပြီး အစည်းအဝေး ဒုတိယနေ့ အဖြစ် ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ခေတ္တရပ်နားထားစဉ်ကာလအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသဦးစီးအဖွဲ့နှင့် အမျှဆောင်ကော်မတီအဖွဲ့များ သွားရောက်ဖွဲ့စည်းသွားနိုင်ရန်အတွက် ဥက္ကဋ္ဌ မှ ရက်သတ်မှတ်ပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)အား ကျင်းပမည့်နေ့ရက်/အချိန်အား ဆက်လက်အကြောင်းကြားပေးသွားမှာဖြစ်သည့်အတွက် မိမိတည်းခိုဆောင်တွင် အနားယူနေကြရန်နှင့် ခရီးထွက်ခွါမည်ဆိုပါက လွှတ်တော်ရုံးသို့ တင်ပြသွားရန် ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထွက်ခွါနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်
ပုံမှန်အစည်းအဝေး (ပထမနေ့)ကို
(၁၅ : ၁၅)နာရီအချိန်တွင် ရပ်နားပါသည် ။]

ကန်.သတ်

၂၁

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပုံမှန်အစည်းအဝေး(ဒုတိယနေ့.) မှတ်တမ်း

(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်)
[စနေကြာနေ့.]

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (ဒုတိယနေ့.) အစီအစဉ်ကို နံနက်(၁၀၀၀)နာရီအချိန်၌ စတင်ကျင်းပခဲ့ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း(ပြည်နယ်အုပ်ချုပ်ရေးမှူး) အားလည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေးခန်းမအတွင်း ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း

အခမ်းအနားမှူး။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးအား စတင်တော့မှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးခန်းမအတွင်း သတ်မှတ်ထားသည့် နေရာများ၌ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက် လာပါပြီ ခင်ဗျား။

[အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။]

ကန်.သတ်

၂၂

အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေငြာခြင်း

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပ ပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေး (ဒုတိယနေ့) အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာပေးပါရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အား ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်(သောကြာနေ့) ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမ အကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း(၁၄၃)ဦး အနက် (၁၄၂)ဦးတက်ရောက်ရာ အစည်းအဝေးတက်ရောက်သူ(၉၉. ၃%) ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ (ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးအား စတင်ကြောင်း ကြေညာ အပ်ပါတယ် ခင်ဗျား။

အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များ ရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်များအား ကိုယ်စားလှယ်များမှ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

အခမ်းအနားမှူး။ အစိုအစဉ်အရ အစည်းအဝေးမတက် ရောက်နိုင်သော ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို သတ်မှတ်ချက်နှင့် အညီ တင်ပြခြင်း အစိုအစဉ်ဖြစ်သည့်အတွက် အစည်းအဝေးမတက်ရောက်နိုင် သော ကိုယ်စားလှယ်များရှိပါက တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန်.သတ်

ဦးမောင်ကျော်(ခ)ထွန်းကျော် (နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်-၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ကျော်(ခ)ထွန်းကျော် ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း သည် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၁၁-၂-၂၀၁၁)ရက်နေ့မှ (၁၇-၂-၂၀၁၁)ရက်နေ့အထိ (၇)ရက်တိတိအား ကင်းလွှတ်ခွင့်ပြုပါရန် ဦးအောင်ထွဏ်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၁၄၃)ဦးတွင် ယခင်ခွင့်ပန်ကြားသူ မရှိသော်လည်း ယနေ့ခွင့်ပန်ကြားသူ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း၏ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထိ (၇)ရက်တိတိအား အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်တင်ပြ တောင်းခံလာမှုနှင့် ပတ်သက်ပြီး ကိုယ်စားလှယ်ကိုယ်စား သတ်မှတ်ချက်နှင့် အညီ ခွင့်တင်ပြမှုအပေါ် လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။

(သဘောတူပါသလား ခင်ဗျား။ ၃ကြိမ် မေးမြန်းပါသည်။)

ပြည်နယ်လွှတ်တော်မှ သဘောတူပါသဖြင့် ကိုယ်စားလှယ်၏ ခွင့်တင်ပြလာမှုကို ပြည်နယ်လွှတ်တော်မှ ခွင့်ပြုကြောင်း မှတ်တမ်းတင်အပ်ပါတယ် ခင်ဗျား။

ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ ဥက္ကဋ္ဌရွေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

အခမ်းအနားမှူး။ ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ဥက္ကဋ္ဌ ရွေ့မှောက်၌ ကတိသစ္စာပြုခြင်း နှင့် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါ၍ ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလောင်(ဝ်)ခမ်း(ခ) စိုင်းအိုက်ဖူးအား ဥက္ကဋ္ဌ ရွေ့မှောက်၌ ကတိသစ္စာပြုပေးပါရန်နှင့် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းလောင်(ဝ်)ခမ်း(ခ) စိုင်းအိုက်ဖူး(မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်-၂)။ ကျွန်ုပ် ဦးစိုင်းလောင်(ဝ်)ခမ်း(ခ) စိုင်းအိုက်ဖူး သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး၊ နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြု ပါသည်။

[ဝန်ခံကတိသစ္စာလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

ကန်.သတ်

၂၅

ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ၊ သတ်မှတ်နှိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ နှိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ က အစည်းအဝေးတွင် တင်ပြခြင်း

အခမ်းအနားမှူး။ ပြည်နယ်ဝန်ကြီးဌာန အရေအတွက် ပြည်နယ်ဝန်ကြီးဦးရေ၊ ပြည်နယ်တရားလွှတ်တော် ကရားသူကြီးဦးရေ သတ်မှတ်နှိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ နှိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးတွင် တင်ပြခြင်းအစီအစဉ်ဖြစ်၍ ဥက္ကဋ္ဌမှ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ ခင်ဗျား- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ နှိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန(၉)ဌာန၊ ပြည်နယ်ဝန်ကြီးဦးရေ(၉)ဦးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီး(၃)ဦးတို့အား အဆိုပြုပါကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန် ရှိပါက ဆွေးနွေးခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက နည်းဥပဒေ(၃၆)ပါ သတ်မှတ်ချက်နှင့်အညီ ဆွေးနွေးပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

(ကိုယ်စားလှယ်များ ဆွေးနွေးရန် ရှိပါသလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ကန်.သတ်

၂၆

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ် အတွက် ဝန်ကြီးဌာန(၉)ဌာန၊ ဝန်ကြီးဦးရေ(၉)ဦးနှင့် ပြည်နယ်တရား လွှတ်တော် တရားသူကြီးဦးရေ(၃)ဦး အဆိုပြုထားခြင်းအား ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ နိုင်ငံတော်သမ္မတမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၄၈)နှင့် ပုဒ်မ(၃၀၈)တို့အရ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ် အတွက် ဝန်ကြီးဌာန(၉)ဌာန၊ ဝန်ကြီးဦးရေ(၉)ဦးနှင့် ပြည်နယ်တရား လွှတ်တော် တရားသူကြီးဦးရေ(၃)ဦး အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များအနေဖြင့် သဘောတူပါသလား ခင်ဗျား။

(သဘောတူပါသလား ခင်ဗျား။ (၃)ကြိမ် မေးမြန်းပါသည်။)

[သဘောတူ သူများ မိမိနေရာတွင် မတ်တပ်ရပ်ပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နိုင်ငံတော် သမ္မတမှ ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန(၉)ဌာန၊ ဝန်ကြီးဦးရေ(၉)ဦးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ(၃)ဦးတို့အား အဆိုပြု လာမှုနှင့်ပတ်သက်ပြီး၊ ကိုယ်စားလှယ်များ ထက်ဝက်ကျော်မှ သဘောတူ ပါသဖြင့် နိုင်ငံတော်သမ္မတ၏ အဆိုပြုမှုအား ပြည်နယ်လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ကြေညာအပ်ပါတယ် ခင်ဗျား။

ကန်.သတ်

ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက ပေးပို့ထားသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းကို ဥက္ကဋ္ဌ မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

အခမ်းအနားမှူး။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက အဆိုပြုထားသည့် အမည်စာရင်းကို ဥက္ကဋ္ဌ မှ ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက အဆိုပြုထားသည့် သူမှာ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြတ် (ခ)ဦးစဝ်အောင်မြတ် ဖြစ်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန် ရှိပါက ဆွေးနွေးခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်ရှိပါက နည်းဥပဒေ(၃၆)ပါ သတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။
(ကိုယ်စားလှယ်များမှ ဆွေးနွေးရန် ရှိပါသလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

၂၈

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုထားချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၆၁)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်မြတ်(ခ)ဦးစဝ်အောင်မြတ် အား ကန့်ကွက်ရန်ရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်အရည်အချင်း များနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုပါက အထောက်အထားနှင့်တကွ ယခုကန့်ကွက်နိုင်ပါတယ်။

(ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိပါသဖြင့် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် နိုင်ငံတော်သမ္မတက အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်မြတ်(ခ)ဦးစဝ်အောင်မြတ် အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် အများသဘောတူလက်ခံကြောင်း ပြည်နယ်လွှတ်တော်မှ ဆုံးဖြတ်ကြေညာအပ်ပါတယ် ခင်ဗျား။

[သြဘာသံများ]

ပထမအကြိမ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားခြင်း

အခမ်းအနားမှူး။ လွှတ်တော်အစည်းအဝေးရပ်နားခြင်း အစီအစဉ်ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက် (သောကြာနေ့) ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွါပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထွက်ခွါနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၁၀ : ၂၀)နာရီအချိန်တွင် ရပ်နားပါသည် ။]

၃၀

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပုံမှန်အစည်းအဝေး(တတိယနေ့) မှတ်တမ်း

(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်)
[တနလာ်နေ့]

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀၀၀)နာရီအချိန်၌ စတင်ကျင်းပခဲ့ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း(ပြည်နယ်အုပ်ချုပ်ရေးမှူး) အားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း
ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း

အခမ်းအနားမှူး။ ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာ ဖြစ်ပါ၍ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက် လာပါပြီ ခင်ဗျား။

[အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။]

အစည်းအဝေး အထမြောက်ကြောင်းနှင့်
အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၀) (ခ)နှင့်အညီ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးပါရန် လွှတ်တော်ဥက္ကဋ္ဌ အား လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၃)ဦးရှိသည့်အနက် (၁၄၂)ဦးတက်ရောက်ခဲ့ရာ (၉၉. ၃%)ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀) (ခ)အရ ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

အစည်းအဝေး မတက်ရောက်နိုင်သော
ကိုယ်စားလှယ်များ ရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်ကို
သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ အစည်းအဝေး မတက်ရောက်နိုင်သော ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း အစီအစဉ်ဖြစ်သည့်အတွက် အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက တင်ပြပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွတ်တော် အစည်းအဝေးတတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွတ်တော်ကိုယ်စားလှယ်ဦးရေ(၁၄၃)ဦးရှိပြီး၊ ယခင်ခွင့်ပန်ကြား၍ လွတ်တော်မှ ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ခွင့်ပန်ကြားသူနှင့် ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်းနှင့် ခွင့်ခံစားနေသူမှာ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း ဖြစ်ပြီး၊ ခွင့်ခံစားရက်မှာ (၁၁-၂-၂၀၁၁)ရက်နေ့မှ (၁၇-၂-၂၀၁၁)ရက်နေ့အထိ ဖြစ်ကြောင်း လွတ်တော်သို့ တင်ပြမှတ်တမ်းတင်ထားရှိပါတယ် ခင်ဗျား။

ပြည်နယ်လွတ်တော်က အတည်ပြုထားသော
ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန်
ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း
ခံထားရသူက ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များထဲက
ဖြစ်စေ၊ လွတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ၊
သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသည့်
ပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ
တာဝန်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ
တပ်မတော်သား အမည်စာရင်းကိုလည်းကောင်း၊
ပြည်နယ်လွတ်တော်သို့ တင်ပြခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ လွတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၆၂)၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)၊ (၂)တို့နှင့် အညီ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ၊ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်

ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သား အမည်စာရင်းကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူမှာ အဆိုပြုတင်သွင်းထားသော ရှမ်းပြည်နယ် အတွက် ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူမှာ အောက်ပါလွှတ်တော်ကိုယ်စားလှယ်(၉)ဦးအား အဆိုပြုအမည်စာရင်း တင်သွင်းလာပါတယ်။ ၎င်းပုဂ္ဂိုလ်များမှာ -

(၁) ဦးခွန်သိန်းမောင်၊တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
(၂) ဦးသောင်းရွှေ၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
(၃) ဒေါက်တာမျိုးထွန်း၊ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
(၄) ဦးတူးမောင်၊ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
(၅) ဦးစိုင်းအိုက်ပေါင်း၊ သိန်္ခမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
(၆) ဦးစိုင်းဆာလူ၊ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
(၇) ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်၊ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)
(၈) ဦးစိုင်းထွန်းရင်၊ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
(၉) ဗိုလ်မှူးကြီး အောင်သူ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ဖြစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း အစီအစဉ်ဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) အစီအစဉ်ကို နံနက်(၁၀၀၀)နာရီအချိန်၌ စတင်ကျင်းပခဲ့ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း(ပြည်နယ်အုပ်ချုပ်ရေးမှူး) အားလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ခန်းမအတွင်း
ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ နေရာယူခြင်း

အခမ်းအနားမှူး။ ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာ ဖြစ်ပါ၍ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။]

ကန်.သတ်

၈၂

အစည်းအဝေးအထမြောက်ကြောင်းနှင့်
အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ (ခ)နှင့်အညီ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးပါရန် လွှတ်တော် ဥက္ကဋ္ဌ အား လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၄၃)ဦးရှိသည့်အနက် (၁၂၁)ဦး တက်ရောက်ခဲ့ရာ (၈၄. ၆၁%) ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)အရ အစည်းအဝေးကျင်းပပြုလုပ်သည့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး(အဋ္ဌမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

အစည်းအဝေးမတက်ရောက်နိုင်သော
ကိုယ်စားလှယ်များရှိပါက ၎င်းတို့၏ ခွင့်ပန်ကြားချက်ကို
သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်းအစီအစဉ်ဖြစ်သည့်အတွက် အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များ ရှိပါက တင်ပြပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ကန်.သတ်

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေးတက်ရောက်ရန်အတွက် တာဝန်အရတက်ရောက်နိုင်ခြင်း မရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများမှ ကိုယ်စားလှယ်(၂၁)ဦး ကိုယ်စားအသီးသီးတင်ပြလာခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တာဝန်အရ အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ကိုယ်စားလှယ်(၂၁)ဦးနှင့် ခွင့်တင်ပြသူ(၁)ဦးအား လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား -

(သဘောတူပါသလား ခင်ဗျား။ ၃ ကြိမ် မေးမြန်းပါသည်။)

လွှတ်တော်မှ သဘောတူပါသဖြင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ထားရှိအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌ ခင်ဗျား- တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၁)၊ ပုဒ်မခွဲ(ဂ)အရ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေ၊ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းများအား ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၁)၊ ပုဒ်မခွဲ(ဂ)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ကို အဖွဲ့ဝင်(၅)ဦးနှင့် အောက်ပါအတိုင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ် -

(၁) ဦးစိုင်းညွန့်ဝင်း၊ မိုင်းဖြတ်မဲဆန္ဒနယ်(၁) ဥက္ကဋ္ဌ

(၂) ဦးစိုင်းကံ၊ မိုင်းရွှေးမဲဆန္ဒနယ်(၂) အဖွဲ့ဝင်

(၃) ဦးစိုင်းမွန်း (ခ)ဦးစိုင်းကျော်ထွန်း၊ ကွန်ဟိန်းမဲဆန္ဒနယ်(၁) အဖွဲ့ဝင်

(၄) ဦးအာဗြာဟန်၊ ဖယ်ခုံမဲဆန္ဒနယ်(၂) အဖွဲ့ဝင်

(၅) ဦးဇော်ဇော်၊ မဘိမ်းမဲဆန္ဒနယ်(၁) အတွင်းရေးမှူး

ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း

အခမ်းအနားမှူး။ လွှတ်တော် ဥက္ကဋ္ဌ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းမှုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူပေးပါရန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ကန်.သတ်

၈၅

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-
တို့ဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၁)။
ပုဒ်မခွဲ(ဂ)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီ
ကို အဖွဲ့ဝင်မည့် အဖွဲ့.ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊
အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ -

(သဘောတူပါသလား ခင်ဗျား။ ၃ ကြိမ်မေးမြန်းပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသဖြင့်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီဖွဲ့စည်းကြောင်း
ကြေညာအပ်ပါတယ် ခင်ဗျား။ [ဩဘာသံများ]

ကြားဖြတ်အစီအစဉ်အဖြစ် -

၂၀၁၁ ခုနှစ်၊မတ်လ(၂၄)ရက်နေ့၊ ည(၈)နာရီခွဲခန့်က မြန်မာနိုင်ငံ၊
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ တာလေဒေသကို ဗဟိုပြု၍
ရစ်ချ်တာစကေး(၇)အဆင့်ရှိ မြေငလျင်လှုပ်ခတ်သွားမှုကြောင့် ပြည်သူအချို့
အသက်ဆုံးရှုံးခဲ့ရပြီး၊ ပြည်သူအချို့ ဒဏ်ရာရရှိခဲ့ပါတယ်။ ယင်းမြေငလျင်
ကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်း
ကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်။

နည်းဝမ်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန်-
(သဘောတူပါသလား ခင်ဗျား။ (၃)ကြိမ်မေးမြန်းပါသည်။)

လွှတ်တော်က ထောက်ခံအတည်ပြုသည့်အတွက် ၂၀၁၁ ခုနှစ်၊
မတ်လ(၂၄)ရက်နေ့၊ ည(၈)နာရီခွဲခန့်က မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်
(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ တာလေဒေသကို ဗဟိုပြု၍
ရစ်ချ်တာစကေး(၇)အဆင့်ရှိ မြေငလျင်လှုပ်ခတ်သွားမှုကြောင့် ထိခိုက်
ဆုံးရှုံးမှုများအတွက် လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆိုကို
မှတ်တမ်းတင် ထားရှိပါတယ်။

ကန်.သတ်

၈၆

ပြည်နယ်ဝန်ကြီးချုပ် ကတိသစ္စာပြုခြင်း

အခမ်းအနားမှူး။ ပြည်နယ်ဝန်ကြီးချုပ်မှ ကတိသစ္စာပြုခြင်း ဖြစ်ပါ၍ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၆၀)နှင့်အညီ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံထားရသူမှ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်ဖြစ်ပါ၍ ပြည်နယ်ဝန်ကြီးချုပ် ခင်ဗျား။ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

ပြည်နယ်ဝန်ကြီးချုပ်။ ကျွန်ုပ် ဦးအောင်မြတ်(ခ)စစ်အောင်မြတ် သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရား ဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။

[လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး ပါသည်။]

ကန်.သတ်

၈၇

ပြည်နယ်အဆင့် အဖွဲ့.ဝင်များ ကတိသစ္စာပြုခြင်း

အခမ်းအနားမှူး။ ဆက်လက်ပြီး အစီအစဉ်အရ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၆၀)နှင့် အညီ ပြည်နယ်အဆင့် အဖွဲ့.အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေး အပ်ခြင်း ခံထားရသူများမှ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရန် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်အဆင့်အဖွဲ့.ဝင်များအဖြစ် ခန့်အပ်တာဝန် ပေးအပ်ခြင်းခံထားရသူများဖြစ်သော ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ဖွဲ့.စည်းပုံအခြေခံဥပဒေ(၂၆၂)၊ ပုဒ်မခွဲ(ဇ)နှင့်အညီ ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသော တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသူများ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးများမှ လွှတ်တော် ဥက္ကဋ္ဌ ၏ ရှေ့မှောက် တွင် ကတိသစ္စာပြုရန်အတွက် နေရာယူပေးနိုင်ပါရန်နှင့် ကတိသစ္စာပြုပေး နိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

[လွှတ်တော် ဥက္ကဋ္ဌ မှ ကတိသစ္စာတိုင်ပေးပြီး၊ လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

ပြည်နယ်ဝန်ကြီးချုပ် က မိန့်ခွန်းမြွက်ကြားခြင်း

အခမ်းအနားမှူး။ ။ ပြည်နယ်ဝန်ကြီးချုပ် ခင်ဗျား။ လွှတ်တော်သို့ မိန့်ခွန်းမြွက်ကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်ဝန်ကြီးချုပ်။ ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရတဲ့ ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြည်သူများ ဆန္ဒမဲပေး ထောက်ခံရွေးချယ်မှု ရခဲ့ကြတဲ့အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စားလှယ်ကြီးများကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ တတွေဟာ မကြာမီကာလမှာဘဲ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးခရီးကို "တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား" ကြရမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တတွေဟာ ကျရာတာဝန်ကို ဦးထမ်း၊ ပခုံထမ်း၊ ဟန်ချက်ညီညီထမ်းဆောင်သွားကြမည့် ညီနောင်ရင်းများဘဲ ဖြစ်ကြပါတယ်။

၈၉

လွတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား-

ယခုအခါမှာ ကျွန်တော်တို့ အားလုံးဟာ နိုင်ငံတော်နှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်ဖို့ လွတ်တော်မှာ စုဝေးရောက်ရှိနေကြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ နိုင်ငံတာဝန်များကို ထမ်းဆောင်ကြရာမှာ မိမိတို့တစ်ဦးချင်း အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွားထက် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွား၊ အမျိုးသား အကျိုးစီးပွားကိုသာ အမြဲတမ်းဦးစားပေး ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားကြမှာဖြစ်ကြောင်းနှင့် ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အခုလိုတာဝန်ပေးအပ်မှုအပေါ် အလေးအနက်ခံယူပြီး၊ နိုင်ငံတာဝန်၊ ပြည်နယ်တာဝန်များကို ဦးဆွေးဆံမြေ့ထမ်းရွက်သယ်ပိုးသွားမှာ ဖြစ်ကြောင်း ဒီနေရာကနေ အလေးအနက်ကတိပြုအပ်ပါတယ်။

နိုင်ငံရေးပါတီများအနေဖြင့် လွတ်တော်လုပ်ငန်းများကို ဆောင်ရွက်ရာမှာ သဘောထားအမြင်များ ကွဲပြားကောင်း ကွဲပြားမှာ ဖြစ်သော်လည်း အမျိုးသားအကျိုးစီးပွားများကို ဘုံအကျိုးစီးပွားအဖြစ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အကြံပြုလိုပါတယ်။ ထို့အတူ နိုင်ငံရေးပါတီအသီးသီးက လွတ်တော်ကိုယ်စားလှယ်များအနေနှင့် ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ အများစုဆန္ဒကို လိုက်လျောခြင်း၊ အနည်းစုရဲ့ ဆန္ဒကို အလေးအနက်ထားခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်များနှင့် အညီ အပြန်အလှန်လေးစားဆက်ဆံသွားကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအရေးမှာ အစဉ်အလာလိုဖြစ်ခဲ့တဲ့ အစိုးရနှင့် အတိုက်အခံတို့၏ ပဋိပက္ခအသွင်ဆောင်တဲ့ အမြင်သဘောထားများကို ကိုင်ဆွဲခြင်းမပြုဘဲ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားလက်တွဲဆောင်ရွက်သွားကြဖို့ ကိုလည်း အားလုံးကို တိုက်တွန်းလိုပါတယ်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တည်ငြိမ်အေးချမ်းဖို့ဆိုရင် အစိုးရရဲ့ အာဏာစက်ဟာ တိုင်းပြည်အနှံ့၌ လွှမ်းခြုံသက်ရောက်နေမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာအာဏာတည်သလို နိုင်ငံတကာနယ်ပယ်မှာလဲ ခန့်ညားလေးစားလောက်တဲ့ အဆင့်အတန်းမျိုးပိုင်ဆိုင်နေရာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်(၃)ရပ်ကို အမျိုးသားရေးမူဝါဒအဖြစ် ကျင့်သုံးဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။အမျိုးသားရေးမူဝါဒကို အောင်မြင်အောင် စစ်မှန်တဲ့ မျိုးချစ်စိတ်ဓါတ်ထာဝစဉ်ရှင်သန်နေဖို့ အဓိကလိုအပ်ပါတယ်။ အလားတူ ပါတီစုံဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ အမျိုးသားရေးမူဝါဒကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့မူဝါဒ၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓါတ်၊ လက်တွေ့ကျတဲ့လုပ်ငန်းစဉ်များနှင့် အေးချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့က အလေးအနက်ယုံကြည်ပါတယ်။

ဆက်လက်ပြီး အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ပိုမိုခိုင်မာလာအောင် ဆက်လက် တည်ဆောက်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီ အသီးသီးကလည်း နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိမယ်လို့ မိမိတို့ယုံကြည်တဲ့ ဝါဒသဘောတရားများ အယူအဆ လမ်းစဉ်များကို ကျင့်သုံးလုပ်ဆောင်ခဲ့ကြပါတယ်။ သို့သော်လည်း ပုဂ္ဂိုလ်ရေး၊ လူမျိုးရေး၊ လူတန်းစားအရေး၊ ပါတီအရေးနှင့်အစွဲအလန်းကြီးမားနေခဲ့ရင်မတူညီတဲ့ အမျိုးသားအကျိုးစီးပွားပေါ်မှာ ရပ်တည်မှုသဘောထားယုံကြည်မှုတို့ကို ဖြေရှင်းနိုင်ခြင်း မရှိတဲ့တွက် ပြည်နယ်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းလုံးညီညွတ်မှုပျက်ပြားပြီး ဖွံ့ဖြိုးမှုလွန်စွာနောက်ကျ နိုင်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး တာဝန်များကို ထမ်းဆောင်ချိန်မှာတော့ အမျိုးသား အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

၉၁

ဒီနေ.အချိန်မှာ ဖွဲ့.စည်းပုံအခြေခံဥပဒေဘောင် အတွင်းမှ ဒေသ၊ ပြည်နယ်နှင့်လူမျိုးဖွဲ့.ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားသူများရှိသလို လက်မခံနိုင်သေးတဲ့ ပုဂ္ဂိုလ်အဖွဲ့.အစည်းများလည်း ကျန်နေပါသေးတယ်။ ကျွန်တော့်အနေနှင့် အဲဒီပုဂ္ဂိုလ်များကို အခြေခံဥပဒေဘောင်အတွင်းကနေ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ ဒီနေရာကနေ တရားဝင်ဖိတ်ခေါ် လိုပါတယ်။ လက်တွေ့.စဉ်းစားတွေးခေါ် ရင်း ရရှိလာတဲ့ အတွေ့.အကြုံများကို အခြေခံပြီး သင်ခန်းစာဖော်ထုတ် ပြုပြင်ရမှာဖြစ်တဲ့အပြင် ပြည်နယ်ဖွဲ့.ဖြိုးတိုးတက်မှု၊ အေးချမ်းတည်ငြိမ်မှုကို ထိခိုက်စေတဲ့ ပဋိပက္ခများကို ရှောင်ရှားနိုင်ဖို့ အဆိုပြုတိုက်တွန်းလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား -

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ခုနှစ်ထိ ပါလီမန်ဒီမိုကရေစီ စနစ်နဲ့ တိုင်းပြည်ကို ထူထောင်ခဲ့ပါတယ်။ ပါလီမန်ခေတ်မှာလည်း အာဏာရပါတီ၊ အတိုက်အခံပါတီနဲ့ နိုင်ငံရေးအဖွဲ့.အစည်းများဟာ စည်းလုံးညီညွတ်မှုမရှိဘဲ အာဏာရပါတီဖြစ်တဲ့ ဖဆပလ အဖွဲ့.ကြီးဟာ နှစ်ခြမ်းကွဲခဲ့.ပြီး တည်မြဲ/သန့်.ရှင်း ဖဆပလနဲ့ ပမညတစတဲ့ နိုင်ငံရေးအဖွဲ့.အစည်းများအဖြစ် ကွဲပြားခဲ့ကြပါတယ်။ မိမိပါတီအာဏာရရှိရေးကို ရှေ့.တန်းတင်လုပ်ဆောင်လာမှုကြောင့် တိုင်းပြည်ဟာ စည်းလုံးညီညွတ်မှု ပြိုကွဲပြီး အန္တရာယ်တွင်းကျရောက် တော့မည့်ဆဲဆဲမှာ ထိုစဉ်က အာဏာရပါတီ ဝန်ကြီးချုပ် ဖြစ်တဲ့ ဦးနု ရဲ့ မေတ္တာရပ်ခံချက်ကြောင့် ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့.စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့.အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အိမ်စောင့်အစိုးရကို နိုင်ငံတော်အာဏာကိုလွှဲအပ်ခဲ့.ရပါတယ်။ အိမ်စောင့်အစိုးရဟာ ၁၉၅၈ခုနှစ်မှ ၁၉၆၀ခုနှစ်အထိ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့.ကာ ၁၉၆၀ခုနှစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး အနိုင်ရပါတီဖြစ်တဲ့ ပထစ အစိုးရကို အာဏာလွှဲပေးခဲ့ပါတယ်။

၁၉၆၁/၆၂ ခုနှစ်မှာ အာဏာရ ပထစအစိုးရနဲ့ တိုင်းရင်းသား ပြည်နယ်များအကြား နယ်ချဲ့ဝါဒီတို့၏ သွေးခွဲသပ်သျှိုမှုကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားကာ နိုင်ငံရေးအကြပ်အတည်းတစ်ရပ်ပေါ် ပေါက်ခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ်မှာ နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရရှိဖို့ အတွက် အဆော တလျှင်နဲ့ အပူတပြင်းရေးဆွဲခဲ့ရတဲ့ နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံအခြခံဥပဒေရဲ့အားနည်းချက်ကို အခွင့်ကောင်းယူပြီး ပြည်ထောင်စု ဝင်အချို့သော ပြည်နယ်အချို့ဟာ ပြည်ထောင်စုကခွဲထွက်ဖို့ လုပ်ဆောင် လာခဲ့ကြလို့ ပြည်ထောင်စုမပြိုကွဲရေးအတွက် တပ်မတော်ဟာ မလွဲမရှောင်သာ နိုင်ငံတော်အာဏာကို ရယူ ထိန်းသိမ်းခဲ့ပြီး တော်လှန်ရေးကောင်စီ အစိုးရ အနေဖြင့် တိုင်းပြည်ကို ၁၉၆၂ မှ ၁၉၇၄ခုနှစ်ထိ တစ်ပါတီ အခြေခံလျက် အုပ်ချုပ်ခဲ့ပါတယ်။ သို့ရာတွင် နိုင်ငံတော်၌ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ကျင့်သုံးနိုင်မှုမရှိသဖြင့်၁၉၇၄ခုနှစ်မှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲ အတည်ပြုခဲ့ပြီး တစ်ပါတီ ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည် ကို ၁၉၈၈ ခုနှစ်ထိ အုပ်ချုပ်ခဲ့ပါတယ်။

၁၉၈၈ခုနှစ်၊ ထိုစဉ်က တိုင်းပြည်မှာအထွေထွေ အကြပ်အတည်းများ ပေါ် ပေါက်လာခဲ့ပြီး (၈-၈-၁၉၈၈) ရက်နေ့မှာ နိုင်ငံတော်တစ်ဝှမ်း ဆူပူအကြမ်းဖက်တဲ့ အရေးအခင်းကြီးတစ်ရပ် ပေါ် ပေါက်ခဲ့ပြီးနိုင်ငံ လွတ်လပ်ရေး ဆုံးရှုံးတော့မဲ့အန္တရာယ်ကျရောက် လာခဲ့တဲ့အတွက် တပ်မတော်ဟာ ဒုတိယအကြိမ် နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်း ခဲ့ရပြန်ပါတယ်။ ၁၉၈၈ မှ ၁၉၉၇ထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ အစိုးရမှ လည်းကောင်း ၊ ၁၉၉၇ မှ ၂၀၁၁ ခုနှစ် ယနေ့ထိ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရ မှလည်းကောင်း တိုင်းပြည်ကိုတာဝန်ယူပြီး နိုင်ငံရဲ့အခြေခံ အုတ်မြစ်များ ကို တည်ဆောက်ပေးခဲ့ပါတယ်။

တစ်ချိန်တည်းမှာဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ တပ်မတော်အစိုးရအနေဖြင့် ပြည်သူများ၏ လိုအင်ဆန္ဒများနှင့် အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် စျေးကွက်စီးပွားရေးစနစ်တို့ကို ကြိုးပမ်း တည်ဆောက် ပေးခဲ့ပါတယ်။ အနာဂတ် နိုင်ငံတော်တွင် ရေရှည် အကျိုးရှိပြီး နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်သည့်အတွက် တပ်မတော် အစိုးရသည် ၁၉၉၃ခုနှစ်မှ စတင်၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံရေးပါတီကြီးတစ်ခုက အဖျက်အမောက်လုပ် သဖြင့် ၁၉၉၆တွင် အမျိုးသားညီလာခံကြီးကို ခေတ္တရပ်နား ခဲ့ရပါတယ်။ ၂၀၀၃ခုနှစ်၊ ဩဂုတ်လမှာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် ချမှတ်ခဲ့ပါတယ်။ နိုင်ငံတော်ရှေ့ဆက် သွားမယ့်မူဝါဒ လမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အကောင်အထည် ဖော်ဆောင်ခဲ့လို့ ယခုအချိန်အခါမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တစ်ရပ်ကို ဖော်ဆောင်လျက် ရှိနေပြီ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

နိုင်ငံတော်မှာ ယနေ့ထိ၁၉၇၄ခုနှစ် ဖွဲ့စည်း ပုံအခြေခံဥပဒေများ ရေးဆွဲပေါ် ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အမျိုးသား ညီလာခံကြီးမှတစ်ဆင့် ပြည်သူ့ကိုယ်စားလှယ်အလွှာ စုံပါဝင် ရွေးဆွဲခဲ့တဲ့ဖွဲ့စည်းပုံ အခြေခံ ဥပဒေကြီး ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ထူးခြားချက် ကတော့ ပြည်ထောင်စုအဆင့်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်များ ဖွဲ့စည်းပေးထားပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်၊ အစိုးရအဖွဲ့များအပြင်

၉၄

တိုင်းရင်းသား ဒေသများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့များကို ဖွဲ့စည်းထူထောင် ပြီး မိမိတိုင်းရင်းသား ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မိမိတို့ကိုယ်တိုင် စီမံအုပ်ချုပ်ပိုင်ခွင့် ပေးထားခြင်းဘဲဖြစ်ပါတယ်။ ဦးစီးအဖွဲ့ဥက္ကဋ္ဌများဟာ ပြည်နယ်ဝန်ကြီးအဆင့်နဲ့ တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါတင်မကသေးဘဲ နိုင်ငံတော် လူဦးရေရဲ့ (၀. ၁) ရာခိုင် နှုန်းဦးရေရှိတဲ့ တိုင်းရင်းသား များအတွက် ကိုလည်း ပြည်နယ်လွှတ်တော်မှာ ကိုယ်စားလှယ် တစ်ဦး ကျစီ ပါဝင်ခွင့်ပြုထားပြီး ပြည်နယ်ဝန်ကြီးအဆင့်နဲ့ မိမိတိုင်းရင်းသားရေးရာ ကိစ္စရပ်များကို စီမံပိုင်ခွင့် ကိုလည်းပေးထားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရေးဆွဲ အကောင်အထည်ဖော်ဆောင်ပြီးဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများအနက်ဘယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာမှ ဒီလိုအခွင့်အရေးမျိုး တိုင်းရင်းသား များအတွက် ပေးထားတာမရှိခဲ့ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

ဒီနေရာမှာ မိမိတို့ရှမ်းပြည်နယ်ရဲ့သမိုင်း ကြောင်းကိုလည်း အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ မိမိတို့ရှမ်းပြည်နယ်ဟာ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တစ်ခုဖြစ်ပြီး လွန်ခဲ့တဲ့ရှေးပဝေသဏီကာလကပင် ဒီပြည်ထောင်စုကြီးမှာ ပြည်နယ်/ပြည်မ မခွဲခြားဘဲ ပူးပေါင်းနေထိုင်လာတဲ့ ပြည်နယ်ကြီးတစ်နယ်ဖြစ် ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့်၊ ဝ၊ အင်းသား၊ ကယန်း(ပဒေါင်)၊ အာခါ၊ လားဟူ၊ တောင်ရိုးစတဲ့ လူမျိုးစုကြီးများရှိသလို ယင်းကြား၊ ယင်းနက်၊ မောရှမ်း၊ လီရှော၊ မြောင်ဇီး၊ တိုင်းလွိုင်၊ ဂုံရှမ်း၊ လီဆူး၊ ကချင်စတဲ့ တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၃၀)ခန့် မှီတင်းနေထိုင်လျက်ရှိပါတယ်။ မြန်မာပြည်မမှာ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ရှိခဲ့သလို ရှမ်းပြည်နယ်မှာလည်း စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးစတဲ့ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ် ရှိခဲ့ဘူးပါတယ်။ နယ်ချဲ့အင်္ဂလိပ်များဟာ စော်ဘွားများမှတဆင့် ရှမ်းပြည်နယ်ကို တဆင့်ခံ အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်စေခဲ့တာဟာ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ် ၁၉၅၉ခုနှစ်ကာလအထိဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရ လက်ထက် ၁၉၅၉ ခုနှစ်၊ ဧပြီလ(၂၉)ရက်နေ့တွင် ခေတ်အမြင်ရှိသော စော်ဘွားကြီးများ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်ရှိ စော်ဘွားများ အာဏာစွန့်လွှတ်ခဲ့ပြီး ပြည်သူ့အုပ်ချုပ်ရေးပန်းတိုင်ချစာချုပ်လက်မှတ်ရေးထိုးပွဲကြီးကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ကောင်စီ လွှတ်တော်အဆောက်အဦ ဤ(ကျားခေါင်း)ခန်းမကြီးတွင် ကျင်းပခဲ့ရာ ထိုစဉ်က နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ရှမ်းပြည်နယ်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစံဝဟုန်ဖ နှင့် နယ်နှင်စော်ဘွားများ တက်ရောက် လက်မှတ်ရေးထိုး ခဲ့ကြပြီး ရှမ်းပြည်နယ်၌ ပဒေသရာဇ်အုပ်ချုပ်ရေး အဆုံးသတ်ခဲ့ကာ ပြည်သူ့အုပ်ချုပ်ရေး စနစ်ဖြင့် စတင်ဆောင် ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးဟာ စတုရန်း မိုင်ပေါင်း(၆၁၀၉၀) ကျော်ကျယ်ဝန်းပြီး ပထဝီ အနေအထား မှာ တောင်ကုန်းတောင်တန်းများ ပေါများရာ တောင်တန်းဒေသကြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကို အုပ်ချုပ်ရေး နယ်မြေပိုင်းခြားမှုမှာ ခရိုင်(၁၂)ခရိုင်၊ မြို့နယ်(၅၅)မြို့နယ်ဖြင့် ဖွဲ့စည်း ထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု(၅)ခုရှိလာမှာဖြစ်ပါတယ်။ပြည်နယ်တစ်ခုလုံးရဲ့ လူဦးရေပေါင်းမှာ (၄၈)သိန်းကျော် ရှိပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်ကို အုပ်ချုပ်မှုလွယ်ကူစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)ဟူ၍ (၃)ပိုင်း ခွဲခြားခဲ့ပြီး ယခု၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပါတီစုံ ဒီမိုကရေစီခေတ်တွင်တစ်ခုတည်းသော ရှမ်းပြည်နယ် အဖြစ်တောင်ကြီးမြို့မှာ ပြည်နယ်အစိုးရ အဖွဲ့ရုံးစိုက် ဆောင်ရွက်သွားမှာဘဲဖြစ်ပါတယ်။

ကန့်သတ်

ကန့်သတ်

၉၆

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်တဲ့ ပြည်နယ်ကြီးဖြစ်သလို သဘာဝသယံဇာတ အရင်း အမြစ်များလည်း ပေါများတဲ့ ဒေသကြီးတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ပြည်နယ်မှာ နိုင်ငံတော်လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့တဲ့ အယူဝါဒမျိုးစုံနဲ့ ပြည်တွင်းသောင်းကျန်းမှုများကြောင့် နယ်မြေအေးချမ်းမှုမရှိခဲ့တဲ့အတွက် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ခေတ်နောက်ကျခဲ့ရပါတယ်။ ပြည်နယ်အတွင်းမှီတင် နေထိုင်ကြတဲ့ တိုင်းရင်းသားအပေါင်းတို့မှာလည်း သောင်းကျန်းမှုများ၊ လမ်းပန်း ဆက်သွယ်ရေး မကောင်းမှုများ စတဲ့အကြောင်းများကြောင့် စိုက်ပျိုးရေး၊ ကုန်သွယ်/ကုန်ထုတ်လုပ်ငန်းများ နှောင့်နှေးခဲ့ပြီး ဆင်းရဲတွင်းနက်ခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အစိုးရခေတ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းချမှတ် အကောင်အထည်ဖော်ပေးနိုင်မှုကြောင့် နယ်မြေဒေသ အချို့မှာ တိုးတက်မှု အသီးအပွင့်များ ခံစားခဲ့ကြရပါတယ်။ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ကဏ္ဍများမှာ ယခင်ခေတ်များကထက် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၁၉၈၈ခုနှစ်မှ ယနေ့ထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တဲ့ နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကတော့ လမ်းတံတားလုပ်ငန်းမှာ ကျပ်(၁၃၆၈. ၄၇)သန်း၊ ကျန်းမာရေးလုပ်ငန်းမှာ ကျပ်(၆၇. ၅၇)သန်း၊ ပညာရေးလုပ်ငန်းမှာ ကျပ်(၁၈၃. ၁၁)သန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှာ ကျပ်(၆၂ . ၅၆)သန်း၊ ကုန်သွယ်ရေးလုပ်ငန်းမှာ ကျပ်(၁၂ . ၄၀)သန်း၊ ဆက်သွယ်ရေးလုပ်ငန်းမှာ ကျပ်(၇. ၄၀)သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းမှာ ကျပ်(၄၄၉. ၈၈)သန်းနဲ့ သာသနာရေးလုပ်ငန်းမှာ ကျပ်(၉. ၆၀)သန်း စုစုပေါင်း ကျပ်(၂၈၈ . ၄၉)သန်းဘိုး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ကန့်သတ်

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

ကျွန်တော်တို့.နိုင်ငံတော်နဲ့. ရှမ်းပြည်နယ်၏ စီးပွားရေးဖွံ့.ဖြိုး တိုးတက်မှု (GDP)အခြေအနေကို တင်ပြပါ့မယ်။ ကျွန်တော်တို့. နိုင်ငံတော်မှာ ၁၉၈၈ ခုနှစ်မှ စ၍ နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ စျေးကွက်အခြေခံသော စီးပွားရေး စနစ်သို့.ပြောင်းလဲ ကျင့်သုံးခဲ့.ပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့.အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလ ပြီးဆုံးသည်နှင့် နိုင်ငံတော်မှာ တည်ငြိမ် အေးချမ်းမှု ရရှိအောင်ဦးစားပေး လုပ်ဆောင်ခဲ့.ပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရရှိခဲ့.ပြီး နောက်မှာတော့ စီးပွားရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့.ပါတယ်။ ၁၉၉၂-၉၃ခုနှစ် မှ ၁၉၉၆-၉၇ ခုနှစ်ထိ ပထမကာလတို့ (၅)နှစ်စီမံကိန်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့.ပါတယ်။ ဒုတိယကာလတို့(၅)နှစ်စီမံကိန်းကိုတော့ ၁၉၉၆-၉၇ ခုနှစ်မှ ၂၀၀၀-၂၀၀၁ ခုနှစ်ထိ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့.ပါတယ်။ တတိယကာလတို့(၅)နှစ်စီမံကိန်းကို (၂၀၀၁-၂၀၀၂ မှ ၂၀၀၆-၂၀၀၇ခုနှစ်ထိ) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့.ပါတယ်။ စတုတ္ထကာလတို့ (၅)နှစ် စီမံကိန်း ကို (၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်ထိ) အကောင် အထည်ဖော်ဆောင်ရွက်ခဲ့.ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အနေဖြင့် နှစ်(၃၀) နှစ်ရှည်စီမံကိန်းကိုလည်း တတိယ ကာလတို့(၅)နှစ်စီမံကိန်း ကာလအတွင်းမှစ၍ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ခဲ့.ပါတယ်။ တစ်နည်းအားဖြင့် တတိယ ကာလတို့(၅)နှစ်စီမံကိန်း ကာလဟာ နှစ်(၃၀)နှစ်ရှည်စီမံကိန်းရဲ့. ပထမငါးနှစ်ကာလဘဲဖြစ်ပါတယ်။ စတုတ္ထကာလတို့(၅)နှစ်စီမံကိန်း (နှစ် ၃၀ စီမံကိန်း၏ ဒုတိယငါးနှစ်)ကိုတော့ (၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်ထိ)ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၉၈

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် ကာလတိုစီမံကိန်း တစ်ခုနှင့် တစ်ခုတိုးတက်အောင်စွမ်းဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အကောင်အထည်ဖော်မှုများအရ စီမံကိန်းကာလများ ပြီးဆုံး ချိန် (စတုတ္ထကာလတို ၅ နှစ်စီမံကိန်း ၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်ထိ) ကာလတွင် တစ်နှစ်ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်းနှင့် အခြေခံနှစ်အပေါ် ဖြစ်ပေါ် လာမည့်အဆများမှာ -

- ပထမကာလတို(၅)နှစ်စီမံကိန်းမှာ တစ်နှစ် ပျမ်းမျှ တိုးတက်မှုနှုန်း (၇. ၅)ဂုဏ်ခိုင်နှုန်းနဲ့ အခြေခံနှစ် အပေါ် (၁. ၃၄)အဆ ဖြစ်ပေါ်ခဲ့ပါတယ်။

- ဒုတိယကာလတို(၅)နှစ်စီမံကိန်းမှာ (၈. ၅) ဂုဏ်ခိုင်နှုန်းတိုးတက်ခဲ့ပြီး အခြေခံနှစ် အပေါ် (၁. ၅၀)ဆ ဖြစ်ပေါ်ခဲ့ပါတယ်။

- တတိယကာလတို(၅)နှစ်စီမံကိန်းမှာ (၁၂. ၉) ဂုဏ်ခိုင်နှုန်းတိုးတက်ခဲ့ပြီး အခြေခံ နှစ်အပေါ် (၁. ၈၃)ဆ ဖြစ်ပေါ်ခဲ့ပါတယ်။

- စတုတ္ထကာလတို(၅)နှစ်စီမံကိန်းမှာ (၁၁. ၂) ဂုဏ်ခိုင်နှုန်းတိုးတက်ခဲ့ပြီး အခြေခံ နှစ်အပေါ် (၁. ၇၀)ဆဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။

စတုတ္ထကာလတို(၅)နှစ် စီမံကိန်းကာလအတွင်း တစ်မှိုသားလုံး၏ (GDP) တန်းဘိုးကို စီမံကိန်းကာလ (၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်ထိ)ကာလ အတွင်း တစ်နှစ်ပျမ်းမျှ (၁၂. ၀)ဂုဏ်ခိုင်နှုန်း ရည်မှန်း ဆောင်ရွက်ခဲ့ပြီး၊ အဆအားဖြင့်(၁. ၇၇)ဆဖြစ်ပေါ် လာ မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ စတုတ္ထကာလတို့(၅)နှစ် စီမံကိန်း(GDP)တန်းဘိုကို (၉. ၈)ရာခိုင်နှုန်း ရည်မှန်းဆောင်ရွက်ခဲ့ရာ(၉. ၈)ရာခိုင်နှုန်း၊ အဆအား ဖြင့် (၁. ၆)ဆနှုန်း တိုးတက်ခဲ့ပါတယ်။ စတုတ္ထကာလတို့ (၅)နှစ်စီမံကိန်း ကာလအတွင်း ရှမ်းပြည်နယ်ရှိ လူတစ်ဦး ချင်းစီ၏ တစ်နှစ်ပျမ်းမျှဝင်ငွေ (Per Capital Income)ဟာ စီမံကိန်းပထမနှစ်ဖြစ်တဲ့ ၂၀၁၆- ၂၀၀၇ ခုနှစ်မှာ ကျပ်(၂၂၄၂၀၀၇/-)နှုန်းဖြစ်ပြီး စီမံကိန်း နောက်ဆုံးနှစ်ဖြစ်တဲ့ (၂၀၁၀-၂၀၁၁ ခုနှစ်)မှာကတော့ ကျပ်(၅၁၁၂၁၁၀/-)ထိတိုးတက်လာတာကို တွေ့ရှိရ ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား -

နိုင်ငံတော်ရဲ့ ပဉ္စမကာလတို့(၅)နှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ခုနှစ်ထိ)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် ရည်မှန်းချက် (မူကြမ်း)ကိုရေးဆွဲထားပြီးဖြစ်ကြောင်း သိရှိရ ပါတယ်။ ပဉ္စမကာလတို့(၅)နှစ်စီမံကိန်းကာလအတွင်း တစ်မျိုးသားလုံးရဲ့ စီးပွားရေးကို တစ်နှစ်ပျမ်းမျှ(၁၀. ၅) ရာခိုင်နှုန်းတိုးတက်စေရန်နှင့် အခြေခံနှစ်(၂၀၁၀-၁၁)ခုနှစ်အပေါ် (၁. ၆၅)ဆဖြစ်ပေါ်လာရန် စက်မှု လက်မှုကဏ္ဍ၏ပါဝင်မှု အချိုးအစားကို စီမံကိန်းနောက်ဆုံးနှစ်တွင် (၂၇)ရာခိုင်နှုန်းကျော်အထိ ဖြစ်လာစေရန် နိုင်ငံတော်၏ အရ/အသုံး စာရင်းတွင် ပိုငွေဖြစ်လာ စေရန်အတွက် ဝင်ငွေတိုးတက်ရှာဖွေရန်နှင့် အသုံးစရိတ် ကို စိစစ်သုံးစွဲစေရန်၊ မြန်မာကျပ်ငွေတန်ဘိုး ခိုင်မာ ရေးအတွက် ဆောင်ရွက်ရန်၊ ဝင်ငွေတိုးရေးအတွက် ပို့ကုန်အမယ် သစ်များ တိုးချဲ့တင်ပို့ရန်၊ စီမံကိန်း၏ နောက်ဆုံးနှစ် (၂၀၁၅-၁၆ခုနှစ်)တွင် အနည်းဆုံး(Per Capital GDP)ကို ကျပ်(၁၃)သိန်းခန့်ဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်ထားကြောင်း သိရှိရပါတယ်။

ကန်.သတ်

၁၀၀

ကျွန်တော်တို့. ရှမ်းပြည်နယ်အတွက် ပဉ္စမကာလတို(၅)နှစ် စီမံကိန်းကိုလည်း ရေးဆွဲထားရာမှာ စီမံကိန်းပထမနှစ်ဖြစ်တဲ့. ၂၀၁၁-၁၂ ခုနှစ်တွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍကြီးများ၏ ကဏ္ဍအလိုက်(GDP)တန်ဘိုးရည်မှန်းချက်မှာ ကျပ်သန်း(၃၂၀၄၆၃၉၉. ၄) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းမှာ (၇. ၃)ရာခိုင်နှုန်းဖြစ်ပါတယ်။ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်တဲ့. ၂၀၁၅-၁၆ခုနှစ်မှာ (GDP)တန်ဘိုးပေါင်းမှာ ကျပ်သန်း (၄၅၄၁၁၆၂၂. ၈)ဖြစ်ပြီး တိုးတက်မှုနှုန်းမှာ (ငါးနှစ်အတွင်းတစ်နှစ်ပျမ်းမျှ) (၈. ၈)ရာခိုင်နှုန်း ဖြစ်လာ ရန် ရည်မှန်းထားပါတယ်။ အခြေခံနှစ်အပေါ် ဖြစ်ပေါ် လာမည့်အဆမှာ(၁. ၅၂)ဆဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ စတုတ္ထကာလတို(၅)နှစ် စီမံကိန်းနောက်ဆုံးနှစ် ဖြစ်တဲ့ (၂၀၁၀-၁၁)ခုနှစ် လူတစ်ဦးချင်းစီရဲ့ဝင်ငွေဟာ (၅၁၁၂၁၀/-) ဖြစ်ပြီး၊ ပဉ္စမကာလတို(၅)နှစ်စီမံကိန်း အကောင်အထည်ဖော် ပြီးချိန် ၂၀၁၅-၁၆ခုနှစ်မှာတော့ နိုင်ငံတော်ရည်မှန်းချက် ကျပ်(၁၃)သိန်းနီးပါး ရရှိလာနိုင်မယ်လို့. မျှော်မှန်းထား ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

အထက်ကတင်ပြခဲ့သလို လက်ရှိနိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရဟာ မိမိတာဝန်ယူစဉ်ကာလအတွင်း နိုင်ငံသားများ၏ လိုအင်ဆန္ဒနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် နောင်တိုင်းပြည်ကို တာဝန်ယူမယ့် အစိုးရအတွက် တိုင်းပြည်မှာ လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာ ထူထောင်ပေးခဲ့ပြီးဖြစ်တယ်ဆိုတာကို အထက်ဖော်ပြပါ အချက်များကို ကြည့်ခြင်းအားဖြင့် မည်သူမျှ မငြင်းပယ်နိုင်တာကို တွေ့ရှိရမှာဘဲဖြစ်ပါတယ်။

ကန်.သတ်

ယခုပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက် တဲ့ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျွန်တော် တို့တတွေဟာ မိမိပြည်နယ်လူထုရဲ့ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားကြရမှာ ဖြစ်ပါတယ်။

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)မှာ ပြဋ္ဌာန်းပေးထားတဲ့အတိုင်း ဇယား(၂)မှာ ပါတဲ့ ပြည်နယ် ရဲ့ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ စတဲ့ကဏ္ဍများ ပတ်သက်ပြီး မိမိပြည်နယ်လူထုများအတွက် အကျိုးရှိမဲ့ ဥပဒေများကို ပြည်နယ်လွှတ်တော်မှာတင်ပြပြီး ဥပဒေပြု ခွင့်ရရှိထားပါတယ်။ တစ်နည်းအားဖြင့် မိမိပြည်သူလူထု များကို ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်ပြီး အလုပ် အကြွေးပြုကြရမယ့် တာဝန်ဟာ ကျွန်တော်တို့ရဲ့ ပုခုံးပေါ်မှာ ကျရောက်နေပြီဖြစ်ပါတယ်။ ဒီတာဝန်ကို ကျွန်တော်တို့တစ်တွေဟာ "စည်းလုံးညီညာအောင် ကြောင်းဖြာ" ဆိုတဲ့စကားအတိုင်း ကြိုးပမ်းထမ်းဆောင် ကြရမှာဘဲ ဖြစ်ပါတယ်။

ဒီလိုပြည်နယ်အကျိုးကို ထမ်းဆောင်ကြတဲ့ နေရာမှာ ပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေရရှိရေးဟာလည်း အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄မှာ ပြဋ္ဌာန်းပေးထားတဲ့ ဇယား(၅)ပါ ပြည်နယ်၊ တိုင်းဒေသကြီး များက ကောက်ခံရန် သတ်မှတ်ပေးထားတဲ့ အခွန်အခ(၁၉)မျိုးအပေါ်ကနေ ဥပဒေနှင့်အညီရသင့်ရထိုက်တဲ့ အခွန်အခများကို ကောက်ခံပြီး ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီမံခန့်ခွဲရေးကိစ္စတွေမှာ အကျိုးရှိစွာသုံးစွဲသွားကြရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား

နိုဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ဒီကနေ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မိမိတို့ပြည်နယ်/တိုင်းဒေသကြီးများရဲ့ တိုင်းရင်းသား ပြည်သူများဟာ မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကိုယ်ပိုင်အုပ် ချုပ်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ရရှိထားပြီး ဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကနေ မိမိတို့ပြည်သူ့ ကိုယ်စားလှယ်များကို လူထုက ရွေးချယ်တာဝန်ပေးအပ်လိုက်ပြီးဖြစ်လို့ မိမိတို့အနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ အချက်(၃)ချက်ကို ခါးဝတ်ပုဆိုး ကဲ့သို့ မြဲမြံစွာလိုက်နာကျင့်သုံးသွားကြဖို့ တိုက်တွန်းလိုပါတယ်။ မိမိဦးဆောင် တဲ့ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့လည်း ပြည်သူကပေး အပ်လိုက်တဲ့ တာဝန်ကြီးကို နိုင်ငံတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုကို ခံယူလျက် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်ကြီးများ၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများနဲ့ လူမှုရေးအသင်းအဖွဲ့အစည်းများ ရပ်မိရပ်ဖနဲ့ ဒေသခံ ပြည်သူများ၏ စုပေါင်း အားကိုရယူပြီး နိုင်ငံတော်အကျိုး၊ မိမိပြည်နယ်ရဲ့ အကျိုးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားရင်း ကျွန်တော်ရဲ့ တင်ပြချက်ကို နိုဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ [သြဘာသံများ]

ကန်.သတ်

၁၀၃

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး

ရပ်နားကြောင်း ကြေညာခြင်း

အခမ်းအနားမှူး။ အစီအစဉ်အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါတော့မယ် ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ကို (၁၁ : ၅၀)နာရီအချိန်တွင် ရပ်နားပါသည် ။]

၁၀၄

ပထမအကြိမ် ရုမ်းပြည်နယ်လွှတ်တော်
ပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် (၁)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရုမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးဦးရေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေတို့အား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃ရ၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရုမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးဒုတိယနေ့၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရုမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန(၉)ခု၊ ပြည်နယ်ဝန်ကြီးဦးရေ(၉)ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးရေ(၃)ဦးတို့အား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၂)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရုမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ရန် အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃ရ၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရုမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးဒုတိယနေ့၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရုမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်မြတ်(ခ) စစ်အောင်မြတ်အား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၃)။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည့် အမည်စာရင်းများအား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတတိယနေ့၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူမှ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် အမည်စာရင်းများအား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၄)။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူမှ ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၅)။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနှစ်၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူမှ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၆)။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်း တင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနှစ်၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်း တင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၇)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူတို့နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးပဋ္ဌမနေ့၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူတို့နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၈)။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းများအား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးပဋ္ဌမနေ့၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူမှ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းများအား အဆိုပြုတင်ပြချက်ကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်လွှတ်တော်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး

ရွေးကောက်တင်မြှောက်ခြင်း

ရွေးကောက်တင်မြှောက်ခြင်း။ သဘာပတိရွေးကောက် တင်မြှောက်ခြင်း အမှတ် (၁-၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့၌ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းရင်အား ရှမ်းပြည်နယ် လွှတ်တော် သဘာပတိအဖြစ် တင်မြှောက်သည်။

ရွေးကောက်တင်မြှောက်ခြင်း။ ရှမ်းပြည်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက် အမှတ် (၂-၁/၂၀၁၁) တင်မြှောက်ခြင်း။

၁၃၇၂ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့၌ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံးဆိုင်အား ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ရှမ်းပြည်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းအမှတ် (၂-၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့၌ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမှတ်အား ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။

ဖွဲ့စည်းခြင်း

ဖွဲ့စည်းခြင်းအမှတ် ။ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း (၁-၁/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက် (၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ ဥပဒေပြုရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

၁။	ဦးစိုင်းနု	ကွန်ဟိန်းမဲဆန္ဒနယ်(၂)	ဥက္ကဋ္ဌ
၂။	ဦးအောင်ကြည်ဝင်း	ညောင်ရွှေမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၃။	ဦးစိုင်းလွင်	လင်းခေးမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၄။	ဦးကျော်မြ	နောင်ချိုမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၅။	ဦးမြတ်စိုး	ကလောမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၆။	ဦးစိုင်းဘဦး	လွိုင်လင်မဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၇။	ဦးအားဖာ	ကျိုင်းတုံမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၈။	ဒေါ်နန်းငွေငွေ	မူဆယ်မဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၉။	ဦးခင်ဇော်ဝင်း	မိုးမိတ်မဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၁၀။	ဦးတင်ဦး	ဥပဒေအရာရှိ (အငြိမ်းစား)	အဖွဲ့ဝင်
၁၁။	ဦးအောင်ကျော်ညွန့်	ရပ်စောက်မဲဆန္ဒနယ်(၁)	အတွင်းရေးမှူး

ဖွဲ့စည်းခြင်းအမှတ် ။ (၂-၁/၂၀၁၁)

တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက် (၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၁ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည် -

၁။	ဦးစိုင်းလှဝင်း	မိုင်းပြင်းမဲဆန္ဒနယ်(၂)	ဥက္ကဋ္ဌ
၂။	ဦးကိန်မိုင်	မူဆယ်မဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၃။	ဒေါ်အေးချိုစိန်	ဖယ်ခုံမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၄။	ဦးမောရှည်	မိုင်းဖြတ်မဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၅။	ဒေါ်တင်မေထွန်း	တာချီလိတ်မဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၆။	ဒေါက်တာထွန်းအောင်	ညောင်ရွှေမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၇။	ဦးခွန်ဒီဂေါလ်	လွိုင်လင်မဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၈။	ဦးစိုင်းတင်ဦး	နမ့်ခမ်းမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၉။	ဦးစိုင်းကြူ	လားရှိုးမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၁၀။	ဦးစောလုံ	မိုးနဲမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၁၁။	ဦးဖော်ဦး	နမ္မတူမဲဆန္ဒနယ်(၁)	အတွင်းရေးမှူး

ဖွဲ့စည်းခြင်းအမှတ် ။ (၃-၁/၂၀၁၁)

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက် (၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည် -

၁။	ဦးစိုင်းညွန့်ဝင်း	မိုင်းဖြတ်မဲဆန္ဒနယ်(၁)	ဥက္ကဋ္ဌ
၂။	ဦးစိုင်းကံ	မိုင်းရှိုးမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၃။	ဦးစိုင်းမွန်း(ခ) ဦးစိုင်းကျော်ထွန်း	ကွန်ဟိန်းမဲဆန္ဒနယ်(၁)	အဖွဲ့ဝင်
၄။	ဦးအာဗြာဟန်	ဖယ်ခုံမဲဆန္ဒနယ်(၂)	အဖွဲ့ဝင်
၅။	ဦးဖော်ဖော်	မဘိမ်းမဲဆန္ဒနယ်(၁)	အတွင်းရေးမှူး

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၁-၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနှစ်၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၂-၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနှစ်၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၃-၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနှစ်၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၄-၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၈ ရက်(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနှစ်၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

(ဂ)ခု.သတ်

၁၁၂

မှတ်တမ်းတင်ခြင်း။ ရှမ်းပြည်နယ်ကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသည့်
အမှတ်(၄–၁/၂၀၁၁) ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ
ဆောင်ရွက်ရန် ရွေးချယ် တင်ပြောက်ထားသည့်
လွှတ်တော်ကိုယ်စားလှယ် (ဂ)ဦး၏ အမည်စာရင်းအား
မှတ်တမ်းတင်ခြင်း

၁၃ရ၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသည့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးချယ်တင်ပြောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ် (ဂ)ဦး၏ အမည်စာရင်းအား မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၅–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃ရ၂ ခုနှစ်၊ တပို့တွဲလပြည့် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၄ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၆–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃ရ၂ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက်(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

ကန်.သတ်

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(ဂ–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၁ ရက် (၂၀၁၁ ခုနှစ်၊ မတ် လ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနှောင်း အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၆ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၈–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက် (၂၀၁၁ ခုနှစ်၊ မတ် လ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနှောင်း အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၉–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက် (၂၀၁၁ ခုနှစ်၊ မတ် လ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနှောင်း အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး
အမှတ်(၉–၁/၂၀၁၁) တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက် (၂၀၁၁ ခုနှစ်၊ မတ် လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနှောင်း အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂၂ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

ကန်.သတ်

၁၁၄

မှတ်တမ်းတင်ခြင်း။ မတ်လ(၂၄)ရက်နေ့ ည(၈)နာရီခွဲခန့်က မြန်မာနိုင်ငံ
အမှတ်(၁၀–၁/၂၀၁၁) (အရှေ့ပိုင်း) တာချီလိတ်၊ တာလေဒေသကို ဗဟိုပြု၍
ရစ်ချ်တာစကေး (ဂ) အဆင့်ရှိ မြေငလျင်လှုပ်ခတ်
သွားမှုကြောင့် ပြည်သူအချို့ အသက်ဆုံးရှုံးခဲ့ရပြီး
အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမြေငလျင်ကြောင့်
ထိခိုက်ဆုံးရှုံးမှုများအတွက် ရှမ်းပြည်နယ်
လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆို အား
မှတ်တမ်းတင်ခြင်း

၁၃ရာ၂ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက် (၂၀၁၁ ခုနှစ်၊ မတ် လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ မတ်လ(၂၄)ရက်နေ့ ည(၈) နာရီခွဲခန့်က မြန်မာနိုင်ငံ အရှေ့ပိုင်း၊ တာချီလိတ်၊ တာလေဒေသကို ဗဟိုပြု၍ ရစ်ချ်တာစကေး (ဂ) အဆင့်ရှိ မြေငလျင်လှုပ်ခတ် သွားမှုကြောင့် ပြည်သူအချို့ အသက်ဆုံးရှုံးခဲ့ရပြီး၊ အချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆိုကို မှတ်တမ်းတင်သည်။

၉ ဏ္ဍ ၄

စိုင်းလုံးဆိုင်
ရှမ်းပြည်နယ်လွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက် စွဲ၊ ၂၀၁၂ခုနှစ်၊ စက်တင်ဘာ လ ရက်

ကန်.သတ်